# ရွှေဘိုဒေသိယစကားလေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မနှင်းဆီချိုချို

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် "ရွှေဘိုဒေသိယစကားလေ့လာချက်"ကျမ်းဖြစ်ပါသည်။ ဤကျမ်းပြုစုရာ၌ အသွင်ကွဲမြန်မာဒေသိယစကားတစ်ရပ်ဖြစ်သည့် ရွှေဘိုဒေသိယစကားကို တတ်အားသရွေ့ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက်ဖြင့် လေ့လာပြုစုခဲ့ခြင်း ဖြစ်သည်။ ဤကျမ်းပြုစုရာတွင် ရွှေဘိုခရိုင်အတွင်း ရွှေဘို၊ ခင်ဦး၊ ဒီပဲယင်း၊ ဝက်လက်၊ ကန့်ဘလူမြို့နယ်များရှိ ကျေးရွာအချို့တို့သို့ လည်းကောင်း၊ ရေဦးမြို့နယ်သို့လည်းကောင်း ကွင်းဆင်းလေ့လာခဲ့ပါသည်။ လေ့လာရာတွင် စံစကားနှင့် အသွင်ကွဲနေသော ရွှေဘိုဒေသိယစကား ဝေါဟာရအသုံးအနှုန်းများကို ဖော်ထုတ်တင်ပြထားပါသည်။ ဤကျမ်းကို အဘိဓာန်ဗေဒ ရှုထောင့်မှ လက်လှမ်းမီသမျှ လေ့လာတင်ပြထားခြင်း ဖြစ်သည်။ စံစကားနှင့် အသွင်ကွဲဖြစ်သော ရွှေဘိုဒေသိယစကားမှ စကားသံ၊ သဒ္ဒါ၊ ဝေါဟာရများနှင့် စကား၏တန်ဆာဆင်မှု များကို လေ့လာတွေ့ရှိရပါသည်။ ထို့ပြင်စံစကားနှင့် ရွှေဘိုဒေသိယစကားတို့၏ အနက်တူရုပ်သွင်ကွဲဝေါဟာရများ၊ ရုပ်သွင်တူ အနက်ကွဲဝေါဟာရများ၊ အနက်ဆန့်ကျင်ဝေါဟာရများ၊ အယဉ်သုံးစကားများ၊ ဘန်းစကားအသုံးများနှင့် ဓလေ့သုံးစကားများကို ဖော်ထုတ်တင်ပြထားပါသည်။ ဒေသိယစကားများကို လေ့လာဖော်ထုတ်ခြင်းအားဖြင့် နိုင်ငံအတွင်းရှိ အရပ်ဒေသတစ်ခုတွင် ပြောဆိုသုံးနှုန်းနေသော ဒေသိယစကားကို သိရှိမှတ်တမ်းတင်နိုင်ခြင်းနှင့် အရပ်ဒေသဝေးကွာကြသော်လည်း ဒေသိယစကားများကို နားလည်နိုင်ခြင်းနှင့် တိုင်းရင်းသားအချင်းချင်း လူမှုဆက်ဆံရေးကဏ္ဍသစ်ကို တိုးချဲ့စေနိုင်ပြီး စည်းလုံးညီညွတ်မှု တိုးတက်စေခြင်းဟူသော အကျိုးကျေးဇူးကို ခံစားရရှိစေနိုင်မည်ဖြစ်သည်။